# သင့် နိုင်ငံရေး ခိုလှုံမှု အထောက်အပံ့တွင် အရွယ်ရောက်ပြီးသည့် မှီခိုသူတစ်ယောက်

၂၀၀၉ ခု ဇန်နဝါရီလ

Adding a dependant - Burmese

သင်သည်လောလောဆယ်တွင် ပြည်ထဲရေးရုံး(ယူကေ နယ်ခြား အေဂျင်စီ– UK Border Agency) မှ နိုင်ငံရေး ခိုလှုံမှု အထောက်အပံ့ (ယခင် NASS)လက်ခံရရှိနေပြီး သင့် ခင်ပွန်း၊ ဇနီး သို့မဟုတ် အဖော်သည် သင်နှင့်အတူ စကော့တလန်တွင် လာရောက်နေထိုင်ပါက ၎င်းတို့အား သင် လက်ခံရရှိသည့် အထောက်အပံ့တွင် အရွယ်ရောက်ပြီးသည့် မှီခိုသူတစ်ယောက်အဖြစ် ထည့်သွင်းရန် ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။

HAPPY TO TRANSLATE

သင်၏ အထောက်အပံ့တွင် အရွယ်ရောက်ပြီးသည့် မှီခိုသူတစ်ယောက် ထပ်ထည့်သွင်းခြင်းသည် သင့် နိုင်ငံရေး ခိုလှုံမှုအတွက် တောင်းခံမှုတွင် ၎င်းတို့အား ထည့်သွင်းလိုက်ပြီဟု အဓိပ္ပါယ်မသက်ရောက်ကြောင်း မှတ်သားထားပါ။ သင့်မိသားစု အခြေအနေတွင် ပြောင်းလဲမှုများသည် သင်၏ လျှောက်ထားမှုကိစ္စ အပေါ်တွင် သက်ရောက်မှု **ရှိကောင်းရှိနိုင်**သောကြောင့် သင့် ဥပဒေရေးရာ ကိုယ်စားလှယ်နှင့် ဤကိစ္စကို အမြဲဆွေးနွေးဆွေးနွေးရန် ကျွန်ုပ်တို့ အကြံပြုပါသည်။

ပြည်ထဲရေးရုံးမှ သင်လက်ခံရရှိသည့် အထောက်အပံ့တွင် အရွယ်ရောက်ပြီးသည့် မှီခိုသူတစ်ယောက်အဖြစ် မည်သူ့ကို ထည့်သွင်းနိုင်ကြောင်း သင့် တောင်းခံမှုကို အထောက်အကူပြုရန် မည်သည့် မှတ်တမ်းမှတ်ရာများလိုအပ်သည်နှင့် ကျွန်ုပ်တို့က မည်သို့ကူညီနိုင်သည်ကို ဤလက်ကမ်းစာစောင်က ဖော်ထုတ် ထားသည်။

**သင့် အထောက်အပံ့တွင် အရွယ်ရောက်ပြီးသည့် မှီခိုသူတစ်ယောက်အဖြစ် မည်သူ့ကို ထည့်သွင်းနိုင်သနည်း**

သင့် ခိုလှုံမှု အထောက်အပံ့တွင် အရွယ်ရောက်ပြီးသည့် မှီခိုသူတစ်ယောက် ထပ်ထည့်ရန် သင်ကြိုးစားနေလျှင် ၎င်းတို့အား ပြည်ထဲရေးရုံးကို **အသိပေးရမည်။** ၎င်းတို့သည် ပြည်ထဲရေးရုံးနှင့် အဆက်အသွယ်မလုပ်သေးလျှင် သို့မဟုတ် ယူကေတွင် မတောင်းခံခဲ့ဖူးလျှင် ဆက်လက်မဆောင်ရွက်မီ သင့် ဥပဒေရေးရာ ကိုယ်စားလှယ်နှင့် သင်စကားပြောရမည်။

ပြည်ထဲရေးရုံးမှ သင်လက်ခံရရှိသည့် ခိုလှုံမှု အထောက်အပံ့တွင် ပေါင်းထည့်ခံရရန် သင့် အဖော်သည် အောက်ပါ စံများအနက် တစ်ခုဖြင့် ပြည့်စုံရမည်။ ၎င်းတို့သည်

- သင့်ကို လက်ထပ်ထားရမည် **သို့မဟုတ်**
- သင်နှင့်အတူ ယူကေတွင် လွန်ခဲ့သည့် သုံးနှစ်အတွင်း အနည်းဆုံး နှစ်နှစ်ကြာ လက်ထပ်မထားသည် စုံတွဲ အဖြစ် အတူနေခဲ့ပြီးဖြစ်ရမည် **သို့မဟုတ်**
- ၎င်းကို ငြင်းဆိုခြင်း မခံရမီ သင့် ခိုလှုံမှုခွင့် တောင်းခံမှုတွင် မှီခိုသူ ဖြစ်ခဲ့ရမည်

**ကျွန်ုပ်၏ အဖော်အား မှီခိုသူတစ်ယောက်အဖြစ် ထည့်သွင်းရန် မည်သည့် မှတ်တမ်းမှတ်ရာများကို ပေးအပ်ရမည်နည်း**

သင့် ခိုလှုံမှု အထောက်အပံ့စီစဉ်ဆောင်ရွက်မှုများတွင် အရွယ်ရောက်ပြီးသည့် မှီခိုသူတစ်ယောက် ထပ်ထည့်ရန် သင်နှင့် သင့် အဖော် နှစ်ယောက်လုံး လက်မှတ်ရေးထိုးလျက် ပြည်ထဲရေးရုံးသို့ စာဖြင့်ရေးသား တောင်းခံရမည်။သင်အနေဖြင့် သင့်ဆွေမျိုးတော်စပ်မှု သက်သေအထောက်အထားများကိုလည်း ပေးအပ်ရမည်။ လက်ခံနိုင်သော သက်သေအထောက်အထားများမှာ အောက်ပါတို့ပါဝင်သည်

- သင့်လက်ထပ်စာချုပ်
- သင့်ဇနီး၊ ခင်ပွန်း သို့မဟုတ် အဖော်အား ရည်ညွှန်းဖော်ပြထားသော သင့်ကလေး၏ မွေးစာရင်း

Scottish Refugee Council, 5 Cadogan Square, (170 Blythswood Court), Glasgow G2 7PH Tel: 0141 248 9799, Fax: 0141 243 2499,
www.scottishrefugeecouncil.org.uk

Scottish Refugee Council is a charity registered in Scotland.
Registered Charity: SC008639

သင် လက်ထပ်မထားပါက သို့မဟုတ် သင့်လက်ထပ်စာချုပ် သို့မဟုတ် သင့်ကလေး၏ မွေးစာရင်း မရှိတော့ပါက သင်အောက်ပါတို့ကို ပေးအပ်နိုင်သည်

- ပြည်ထဲရေးရုံးနှင့် သင့်အင်တာဗျူး(များ)အတွင်း သို့မဟုတ် ခိုလှုံမှု အထောက်အပံ့အတွက် သင့်လျှောက်လွှာတွင် သင်အနေဖြင့် သင့်အဖော်ကို ဖော်ပြခဲ့ကြောင်း မှတ်တမ်းပြုထားသည့် စာဖြင့်ရေးသားထားသော သက်သေအထောက်အထား
- ယှဉ်တွဲကိုက်ညီသော လိပ်စာတစ်ခုတွင် ညွှန်ပြထားသည့် သင်တို့ နှစ်ဦးစလုံး အမည်များပါဝင်သော ရေခဲ၊ မီးခ တောင်းခံလွှာများ သို့မဟုတ် စာများ
- သင့် လောလောလတ်လတ် ခိုလှုံမှုခွင့် တောင်းခံမှု မိတ္တူများ သို့မဟုတ် မိခိုသူများကို အသေးစိတ်ဖော်ပြပြီး သင့် ဆွေမျိုးတော်စပ်မှုကို အတည်ပြုထားသည့် အမွေ မေးခွန်းလွှာ မိတ္တူများ

**ကျွန်ုပ်တို့က မည်သို့ကူညီနိုင်သနည်း**

ပြည်ထဲရေးရုံးသို့ စဦး စာဖြင့်ရေးသားထားသည့် သင့် တောင်းဆိုမှု ကို ပြီးစီးစေရန် သင်နှင့် သင့် အဖော်အား ကျွန်ုပ်တို့က ကူညီနိုင်သည်။ တောင်းဆိုမှုကို မတင်သွင်းမီ သင်နှင့် သင့် အဖော်အား သီးခြားစီ စကားပြောဆိုခြင်းမှာ ကျွန်ုပ်တို့၏ မူဝါဒဖြစ်ကြောင်း ကျေးဇူးပြု၍ မှတ်သားထားပါ။

သင့် တောင်းဆိုမှုကို စီမံဆောင်ရွက်ရန် ပြည်ထဲရေးရုံးသည် ရက်သတ္တပတ်များစွာ ကြာနိုင်သည်။ ၎င်းတို့၏ ဆုံးဖြတ်ချက်ကို သင့်အား အကြောင်းကြားရန် ပြည်ထဲရေးရုံးသည် သင့်ထံသို့ တိုက်ရိုက် စာရေးလိမ့်မည်။ ရက်သတ္တပတ် လေးပတ်ကြာပြီးနောက် ပြည်ထဲရေးရုံးမှ မည်သည့် စာပေးစာယူမျှ သင် လက်ခံမရရှိခဲ့ပါက ကျွန်ုပ်တို့အား ကျေးဇူးပြု၍ ဆက်သွယ်ပါ။

သင့်အနေဖြင့် သင့်အသေးစိတ်အချက်အလက်များအား နောက်ဆုံးအချက်အလက်ဖြင့် ပေါင်းထည့်ရန် သို့မဟုတ် သင့်အခြေအနေများတွင် အပြောင်းအလဲများ အား ကျွန်ုပ်တို့ကို အသိပေးရန် လိုအပ်လာပါက ကျွန်ုပ်တို့၏ **အခမဲ့ဖုန်း 0800 085 6087** သို့ ဆက်ပြီး တာဝန်ကျ အမှုကိစ္စ ဝန်ထမ်းအား စကား ပြောနိုင်ပါသည်။ ကျွန်ုပ်တို့၏ အခမဲ့ဖုန်းကို ကြိုးဖုန်းမှသာ ဆက်နိုင်ကြောင်း မှတ်သားထားပါ။

**ကျွန်ုပ်၏လျှောက်လွှာ ငြင်းပယ်ခံရပါက ဘာဖြစ်မည်နည်း။**

သင့် လျှောက်လွှာ ငြင်းပယ်ခံရပါက ခိုလှုံမှု ထောက်ပံ့ရေး ခုံရုံး( AST)ဟု ခေါ်သည့် သီးခြားလွတ်လပ်သော အဖွဲ့ထံသို့ အယူခံလွှာတင်သွင်းရန် သင့်အား ကျွန်ုပ်တို့ အကူအညီပေးနိုင်ပါလိမ့်မည်။ သင့် အယူခံလွှာ အသေးစိတ်မှာ အထောက်အပံ့ ငြင်းပယ်ခြင်းအတွက် ပြည်ထဲရေးရုံးက ပေးသည့် အကြောင်း ပြချက်များ အပေါ်တွင် မူတည်လိမ့်မည်။

ခုံရုံးသို့ သင့်အမှုကို လူကိုယ်တိုင် တင်ပြလိုလျှင် အယူခံမှုကို လန်ဒန်တွင် တက်ရောက်ရန် သင့်အနေဖြင့် တောင်းဆိုနိုင်ပါသည်။
သင်တက်ရောက်လိုကြောင်း သင့်အနေဖြင့် ပြည်ထဲရေးရုံးကို ကြိုတင်ပြောလျှင် သင့်ခရီးစဉ်အတွက် ၎င်းတို့က ငွေပေးချေကောင်း ပေးချေနိုင်လိမ့်မည်။။